http://www.dhammadownload.com

# တိပိဋကယောဆရာတော်

# အသိဆန်းကြွယ် အနှစ်ကြွယ်



တိပိဋက ဓမ္မလက်ဆောင် (၇၂)

(ယောဆရာတော်၏ရဟန်းသိက္ခာရွှေရတုအထိမ်းအမှတ်နှင့်ကျေးဇူးတော်ရှင်မင်းကွန်းတိပိဋက
ဆရာတော်ဘုရားကြီး၏သက်တော်ရာပြည့်အထိမ်းအမှတ်အထူးလက်ဆောင်)

ဒုတိယအကြိမ် ဓမ္မဒါန အုပ်ရေ (၁၀၀၀၀)

သာသနာ- ၂၅၅၆ ကောဇာ- ၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆို ခရစ်- ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ

http://www.dhammadownload.com




## အသိဆန်းကြွယ် အနှစ်ကြွယ်

- သုတပညာ၊ ထူးအောင်သာ၊ ကောင်းစွာ လေ့လာထား။
- ပိုက်ဆံအိတ်မှာ၊ သတိသာ၊ ပညာဉာဏ်ကိုထည့်သွင်းထား။
- အသိမှန်ကန်၊ ပညာဉာဏ်၊ ပိုက်ဆံပမာ၊ အားရှိသွား။
- ပညာပိုက်ဆံ၊ ဧကန်ရှိက၊ လိုတာရ၊ ဘ၀အနှစ်တိုး၍ပွား။
- အသိဆန်းကြွယ်၊ အနှစ်ကြွယ်၊ တကယ်လွန်ထူးခြား။

တိပိဋ္ဋကယောဆရာတော်

http://www.dhammadownload.com




တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက

မင်းကွန်းတောင်ရိုး ဓမ္မနာဒဆရာတော်

ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ

http://www.dhammadownload.com



အရှင်သိရိန္ဒာဘိဝံသ (ယောဆရာတော်)

တိပိဋကရေး မွေ့ဘဏ္ဍာဂါရိက

http://www.dhammadownload.com

# တိပိဋကယောဆရာတော်

၏

# အဘိဓာန်ကြယ် အနှစ်ကြယ်

တိပိဋက ဓမ္မလက်ဆောင် (၇၂)

(ယောဆရာတော်၏ ရဟန်းသိက္ခာ ရွှေရတုအထိမ်းအမှတ်နှင့် ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဆရာတော်ဘုရားကြီး၏ သက်တော်ရာပြည့်အထိမ်းအမှတ် အထူးလက်ဆောင်)

ဒုတိယအကြိမ် ဓမ္မဒါန

အုပ်ရေ (၁၀၀၀၀)

| သာသနာ | ကောဇာ | ခရစ် |
|---|---|---|
| ၂၅၅၆ | ၁၃၇၄ ခု၊ဒုတိယဝါဆို | ၂၀၁၂ခု၊ဩဂုတ်လ |

http://www.dhammadownload.com


# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၆၀၀၅၃၅၀၇၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၀၀၄၇၀၀၈၁၁
ပုံနှိပ်သူ - ဒေါ်ခင်အေးမော် (၀၆၀၂၄)
ဂုဏ်သီရိပုံနှိပ်တိုက်
အမှတ် (၅၂)၊ လမ်း (၃၀)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉၅၀၀၂၅၇၅၊ ၀၉၄၉၂၁၈၂၈၈
ထုတ်ဝေသူ - ဦးနေမျိုး (နေမျိုး စာပဒေသာ)
အုပ်ရေ - ၁၀၀၀၀
တန်ဖိုး - ဓမ္မဒါန
အကြိမ် - ဒုတိယအကြိမ်

ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း (CIP)

ယောဆရာတော်၊ တိပိဋက ၂၉၄.၃
အသိဆန်းကြယ် အနှစ်ကြွယ်/
တိပိဋကယောဆရာတော်။ – ရန်ကုန်
နေမျိုးစာပဒေသာ၊ ၂၀၁၂။
၈၀–စာ၊ ၉.၅ × ၁၂ စင်တီ။
(၁) အသိဆန်းကြယ် အနှစ်ကြွယ်

http://www.dhammadownload.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | အသိဆန်းကြယ် အနှစ်ကြွယ် | ၁ |
| ၂။ | တတိယမှာ တစ်ပါးသာ | ၅ |
| ၃။ | ဆဋ္ဌခေတ်မှာ လူ့ပြည်လာ | ၁၃ |
| ၄။ | တစ်ခေတ်တစ်ခါ တစ်ပါးသာ | ၁၉ |
| ၅။ | ကျရာတာဝန် ကျေပွန်အောင်ထမ်း | ၂၇ |
| ၆။ | အရင်းများသော်လည်း အမြတ်နည်း | ၃၈ |
| ၇။ | ဂုဏ်ရည်ကြီးမြတ် မမေ့အပ် | ၄၆ |
| ၈။ | အသိဆန်းကြယ်မှ အနှစ်ကြွယ်မည် | ၅၃ |

http://www.dhammadownload.com

http://www.dhammadownload.com

# တိပိဋက ယောဆရာတော်၏

# အသိဆန်းကြွယ် အနှစ်ကြွယ်

တိပိဋက ဓမ္မလက်ဆောင် (၇၂)

နမော ဝိမိတြဉာဏာသဿ

## ၁။ အသိဆန်းကြွယ် အနှစ်ကြွယ်

✤ ဆင္ဌခေတ်မှာ၊ လူပြည်လာ၍၊
ကျရာတာဝန်၊ ကျေပွန်အောင်ထမ်း၊
အုံ့မခန်း၊ မင်းကွန်းဆရာတော်။

✤ တစ်ခေတ်တစ်ခါ၊ တစ်ပါးသာ၊
လူမှာ ဖြစ်ထွန်းပေါ်။

http://www.dhammadownload.com



✤ ကံထူး-ဉာဏ်ထူး၊ လုံ့လထူး၊
အထူးပုဂ္ဂိုလ်ကျော်။

✤ အရင်းများများ၊ စိုက်၍ထားလည်း၊
အနည်းငယ်သာ၊ အမြတ်မှာ၊
ယူကာသွားသည့် ဆရာတော်။

✤ အသိဆန်းကြယ်၊ အနှစ်ကြွယ်၊
အံ့ဖွယ် အရတော်။

✤ ဂုဏ်နည်းသူမှာ၊ အားမပါ၊
မကြာမီပင် မေ့သွားသော်။

✤ ဂုဏ်ကြီးသူမှာ၊ စွမ်းအားပါ၊
ကြာပါသော်လည်း မမေ့နော်။

✤ စာပေလည်းတတ်၊ ကျင့်သုံးတတ်၊
မြင့်မြတ် ပုဂ္ဂိုလ်မော်။

http://www.dhammadownload.com



"အသိဆန်းကြယ် အနှစ်ကြွယ်" ဟူသည် ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီး၏ ဘွဲ့အမည်တော်ကို မြန်မာပြန်ဆိုထားသောစကားဖြစ်ပါသည်။ ဆရာတော်ဘုရားကြီး၏ ဈာပနပွဲတုန်းကလည်း ၎င်းစကားကိုပင် ခေါင်းစဉ်လုပ်၍ တိပိဋကဆရာတော်အားလုံးတို့၏ကိုယ်စား တိပိဋကဂုဏ်ကို အာရုံပြုကာ ဟောကြားပူဇော်ခဲ့ပါသည်။ (ထိုအချိန်က တတိယ၊ စတုတ္ထ၊ ပဉ္စမ- တိပိဋက ၃-ပါးသာ ရှိပါသည်။ ၃-ပါးလုံးတို့၏ကိုယ်စား မိမိ ၁-ပါးတည်းကသာ ဟောပေးရပါသည်။) မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီးသည် အမှန်တကယ်ပင် အသိဆန်းကြယ်၍ အနှစ်ကြွယ်ဝ

တော်မူသည့် ပုဂ္ဂိုလ်ထူးကြီးပါတည်း။ အံ့သြဖွယ်ကောင်းလောက်အောင် ဉာဏ်ထက်မြက်ကြီးမားထူးချွန်လှသဖြင့် အသိလည်းဆန်းကြယ်တော်မူလှသည်။ အကျင့်သိက္ခာကြီးမား၍ ဖြောင့်စင်းတော်မူလှသဖြင့် ဖူးမဝနိုင်လောက်အောင် အနှစ်လည်း ကြွယ်ဝပြည့်စုံတော်မူလှသည်။ သာသနာ့လုပ်ငန်းထဲ၌သာ အသိဉာဏ်နှင့်အသက်ကို အချိန်တိုင်း မြှုပ်နှံထားရကားသာသနာ့တာဝန် ကျေပွန်တော်မူလှသဖြင့် ပရိယတ်ဖြင့် အသိဆန်းကြယ်တော်မူသည်။ ပဋိပတ်ဖြင့် အနှစ်ကြွယ်ဝတော်မူသည်။

❀❀❀

http://www.dhammadownload.com

## ၂။ တတိယမှာ တစ်ဝါးသာ

သဗ္ဗကာမီထေရ် စသော ဒုတိယသင်္ဂါယနာတင်ထေရ်အရှင်တို့သည် ဖြစ်ပေါ်လာသော သာသနာ့ဘေးရန်ကို သုတ်သင်ဖယ်ရှား၍ ဒုတိယသင်္ဂါယနာတင်ပြီးသောအခါ နောက်နှစ်ပေါင်း(၁၁၈)နှစ်ကြာလျှင် ဓမ္မာသောကမင်းလက်ထက်၌ မိစ္ဆာဝါဒီပုဂ္ဂိုလ်များ လာဘသက္ကာရ ရလိုကြသဖြင့် သာသနာတွင်း ဝင်ရောက်ရဟန်းပြုကာ မိမိတို့၏မိစ္ဆာဝါဒများ

http://www.dhammadownload.com



ကိုပြလျက် ဗုဒ္ဓသာသနာပျက်စီးအောင် ဖျက်ဆီးကြမည်ကိုလည်းကောင်း, ထိုဘေးရန်ပေါ်ပေါက်ချိန်၌ မိမိတို့ မရှိနိုင်ကြတော့သည်ကိုလည်းကောင်း, ထိုပေါ်ပေါက်လာသောဘေးရန်ကို သုတ်သင်ငြိမ်းအေးစေ၍ ဗုဒ္ဓသာသနာကို ချီးမြှောက်စောင့်ရှောက်နိုင်မည့်သူမှာ လူ့ပြည်နတ်ပြည်၌ လုံးဝမရှိဘဲ ဗြဟ္မာ့ပြည်၌ တိဿဗြဟ္မာကြီးတစ်ဦးတည်းသာ ရှိသည်ကိုလည်းကောင်း, တိဿဗြဟ္မာကြီး သက်တမ်းကုန်ခါနီး၍ အထက်ဗြဟ္မာ့ပြည်သို့ တက်သွားမည်ကိုလည်းကောင်း ဆင်ခြင်သိမြင်တော်မူကြသည်။

ထိုထေရ်အရှင်တို့သည် တိဿဗြဟ္မာကြီးထံ တန်ခိုးဖြင့်ကြွသွားကြ၍ "နောက်ထပ်

http://www.dhammadownload.com



ပေါ်ပေါက်လာမည့်သာသနာ့ဘေးရန်ကို သုတ်သင်ချီးမြှောက်နိုင်မည့်သူမှာ အသင်မြဟ္မာကြီးမှ တစ်ပါး လုံးဝမရှိပါကြောင်း, အသင်မြဟ္မာကြီး တစ်ဦးတည်းကိုသာ ငါတို့ မြင်ရပါကြောင်း, လူ့ပြည်လာ၍ ရဟန်းဘဝဖြင့် ဗုဒ္ဓသာသနာကို ချီးမြှောက်စောင့်ရှောက်ပေးပါမည့်အကြောင်း" တိုက်တွန်းတောင်းပန် မိန့်ကြားတော်မူကြသည်။ တိဿမြဟ္မာကြီးလည်း "အနာဂတ်သာသနာတော်အတွက် ငါသာ တာဝန်အရှိဆုံး" ဟု သိခွင့်ရသဖြင့် ဝမ်းမြောက်ဝမ်းသာ လက်ခံလိုက်သည်။

ရဟန္တာထေရ် အရှင်မြတ်ကြီးများက ရဟန္တာထေရ်ငယ်များဖြစ်ကြသည့် အရှင်

http://www.dhammadownload.com



သိဂ္ဂဝနှင့် အရှင်စန္ဒဝဇ္ဇီ ၂- ပါးတို့ကို "တိဿ ဗြဟ္မာကြီး လူ့ပြည်လာ၍ မောဂ္ဂလိပုတ္တ အိမ်၌ ပဋိသန္ဓေနေကာ လူဖြစ်လာသောအခါ တိဿ သတို့သားကို တစ်ပါးက ရှင်သာမဏေ ဖြစ်အောင် တာဝန်ယူရန်, တစ်ပါးက ပိဋက ၃-ပုံ ဘုရားစကားအားလုံး သင်ကြားပေးရန်" တိုက်တွန်းပြောကြား တာဝန်ပေးအပ်တော်မူ ခဲ့ကြသည်။ အရှင်မြတ် ၂-ပါးတို့ကလည်း တာဝန်ယူ လက်ခံလိုက်ကြသည်။

သာသနာ့ထိပ်ခေါင်တင် ရဟန္တာထေရ် အရှင်မြတ်ကြီးတို့သည် အနာဂတ်သာသနာ အတွက် "သူတို့ဟာသူတို့ ကြည့်ရှင်းကြလိမ့် မည်"ဟု ကြောင့်ကြမဲ့ နေတော်မမူကြဘဲ

http://www.dhammadownload.com



အမြော်အမြင်ကြီးမားစွာဖြင့် အထူးကြောင့်ကြစိုက်၍ မပြဖစ်မနေဆောင်ရွက်ပေးတော်မူခဲ့ကြသည်မှာ အထူးပင် ကြည်ညိုဝမ်းမြောက် အားတက်ဖွယ်ကောင်းလှသည်။ ကျေးဇူးလည်း အလွန်ကြီးမားလှပေသည်။

အရှင်သိဂ္ဂဝထေရ်သည် ဗုဒ္ဓမန္တန် သင်ယူလိုလှသည့် ဝေဒပါရဂူ ၁၆-နှစ်သားအရွယ် တိဿသတို့သားကို ရှင်ပြုပေး၍ လမ်းတိုနည်းဖြင့် အသိအကျင့်ဘက်စုံမြင့်ကာ သောတာပန်ဖြစ်သည်ထိ သင်ကြားပေးလိုက်သည်။ ရဟန္တာဖြစ်သည်ထိသင်ပြပေးလိုက်လျှင် ပိဋကတ်၃-ပုံသင်ယူမှု၌ ကြောင့်ကြစိုက်မှု အားနည်းသွားမည်စိုးသဖြင့် ဆက်သင်မပေးတော့ဘဲ အရှင်

http://www.dhammadownload.com



စန္ဒဝဋ္ဋီထံ အပ်နှံပေးလိုက်သည်။

အရှင်စန္ဒဝဋ္ဋီထေရ်က သောတာပန် သာမဏေရှင်တိဿအား ပိဋက ၃-ပုံ ဘုရားစကားအားလုံး သင်ကြားပေးရာ ရှင်တိဿသည် ဉာဏ်ထက်လှသဖြင့် ရှင်သာမဏေဘဝ၌ သုတ္တန် အဘိဓမ္မာဆောင် ဒွိပိဋကဓရ ဖြစ်သွားသည်။ ရဟန်းဖြစ်၍ ဝါမရမီမှာပင် ပိဋက ၃-ပုံဆောင် တိပိဋကဓရ ပုဂ္ဂိုလ်ကျော်ဖြစ်သွားလေတော့သည်။ နည်းရပြီးဖြစ်သဖြင့် တရားအလုပ်ကို ဆက်အားထုတ်လိုက်ရာ ပဋိသမ္ဘိဒါနှင့်တကွ ရဟန္တာလည်း ဖြစ်သွားသည်။ သာသနာ ဆက်လက်တည်တံ့ပြန့်ပွားရေးအတွက် ပိဋကစာပေတို့ကို သင်ပြပို့ချပေးသည်။

http://www.dhammadownload.com



အထူးအားဖြင့် မိစ္ဆာဝါဒီပုဂ္ဂိုလ်တို့၏ မိစ္ဆာဝါဒများကို သုတ်သင်ရှင်းလင်းသန့်စင်ကာ ဓမ္မာသောကမင်း၏ အကူအညီဖြင့် တတိယ သင်္ဂါယနာ တင်ပေးခဲ့ပါသည်။ ဂုဏ်လည်း ကြီး ကျယ်မြင့်မြတ်၍ မောဂ္ဂလိပုဏ္ဏားသားလည်း ဖြစ်သဖြင့် အရှင်မဟာမောဂ္ဂလိ ပုတ္တတိဿ ထေရ်ဟု ထင်ရှားကျော်ကြားတော်မူသည်။ မောဂ္ဂလိပုဏ္ဏားသည် သားတိဿအတွက် နေရာပေးရုံ ကူညီရုံမျှသာတည်း။ အတိတ် ကံမိဘကို ပစ္စုပ္ပန်မိဘက လွှမ်းမိုးနိုင်စွမ်း မရှိသဖြင့် မပိုင်ချေ။

အဘိဓမ္မာ ၇-ကျမ်းတို့တွင် မြတ်ဗုဒ္ဓက အကျဉ်းခေါင်းစဉ် မာတိကာထားပေးခဲ့သော

http://www.dhammadownload.com



ကထာဝတ္ထုကျမ်းကိုလည်း အရှင်မဟာ မောဂ္ဂလိ ပုတ္တတိဿထေရ်ကပင် အကျယ် ဟောကြားပေးတော်မူခဲ့ပါသည်။ တတိယ ခေတ် ထိုသာသနာ့တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ပေးဖို့ပင် ဗြဟ္မာ့ပြည်မှ လူ့ပြည်သို့ ဆင်းလာခဲ့ရသည် မဟုတ်ပါလော။

❀❀❀

http://www.dhammadownload.com

## ၃။ ဆဋ္ဌမခေတ်မှာ လှူဖြည်လာ

တတိယသင်္ဂါယနာခေတ်၌ အရှင်မဟာ မောဂ္ဂလိပုတ္တတိဿထေရ်သည် မရှိမဖြစ် အံ့ဖွယ်သမိုင်းဝင် ပုဂ္ဂိုလ်ထူး ကေန်ဖြစ်သကဲ့သို့ ဆဋ္ဌသင်္ဂါယနာခေတ်၌လည်း မင်းကွန်း တိပိဋကဆရာတော်သည် မရှိမဖြစ် အံ့ဖွယ် သမိုင်းဝင်ပုဂ္ဂိုလ်ထူး ကေန်ဖြစ်ပါသည်။ ဒုတိယ သင်္ဂါယနာတင်ထေရ်အရှင်တို့က တိဿမြဟ္မာ ကြီးထံကြွရောက်၍ တတိယသင်္ဂါယနာခေတ်

http://www.dhammadownload.com



ကို တာဝန်ယူရန် တိုက်တွန်းတောင်းပန်ကြ သကဲ့သို့ တာဝန်သိသူတို့ကလည်း မင်းကွန်း တိပိဋကဆရာတော်လောင်းလျာ ဓမ္မရေနတ် သားထံကြွရောက်၍ "ဆဋ္ဌသင်္ဂါယနာခေတ် ကို တိပိဋကရေအဖြစ်ဖြင့် တာဝန်ယူချီးမြှောက် နိုင်မည့်သူမှာ အသင်နတ်သားမှတစ်ပါး လုံးဝ မရှိပါကြောင်း, အသင်နတ်သားတစ်ဦးတည်း ကိုသာ မြင်ရပါကြောင်း, လူ့ပြည်လာ၍ ရဟန်း ဘဝဖြင့် ဗုဒ္ဓသာသနာကို ချီးမြှောက်စောင့် ရှောက်ပေးပါမည့်အကြောင်း" တိုက်တွန်းပြော ကြား တောင်းပန်ကြခြင်း ဖြစ်ပေလိမ့်မည်။

ဓမ္မရေနတ်သားကလည်း "အနာဂတ် သာသနာအတွက် ငါသာ တာဝန်အရှိဆုံး" ဟု

http://www.dhammadownload.com



သိခွင့်ရသဖြင့် ဝမ်းမြောက်ဝမ်းသာ လက်ခံခြင်း ဖြစ်ပေလိမ့်မည်။ တာဝန်သိသူတို့က ကျူရှင်းပင် ဆရာတော်လောင်းလျာ, မင်းကျောင်းဆရာ တော်လောင်းလျာ, ဓမ္မနာဒဆရာတော်လောင်း လျာတို့ကို "ဓမ္မဓရနတ်သား လူ့ပြည်လာ၍ လူဖြစ်လာသော သတို့သားမောင်ခင်ကို တစ်ပါး က အခြေခံစာပေများ သင်ပြပေးရန်, တစ်ပါးက ရှင်သာမဏေဖြစ်အောင် တာဝန်ယူရန်နှင့် ပိဋကအခြေခံကျမ်းစာများ သင်ပြပေးရန်, တစ်ပါးက ပိဋက ၃- ပုံ ဘုရားစကားအားလုံး သင်ကြားပေးရန်" တိုက်တွန်းပြောကြား တာဝန်ပေးအပ်ထားခြင်း ဖြစ်ပေလိမ့်မည်။ ဆရာတော် ၃-ပါးတို့ကလည်း တာဝန်ယူထား

http://www.dhammadownload.com



သည့်ပုဂ္ဂိုလ်များသာ ဖြစ်ပေလိမ့်မည်။

အခြားစာသင်သားများကဲ့သို့ ဆရာပေါင်းစုံ များစွာထံ၌ ပရိယတ္တိပညာ သင်ယူမနေရဘဲ အနည်းငယ်မျှသော ဆရာတော် ၃-ပါးထံ၌သာပညာသင်၍ မင်းကွန်းဆရာတော် ပရိယတ္တိပညာ အထွဋ်အထိပ်ရောက်လာသည်ကို ထောက်ရှု၍ ထိုကဲ့သို့ တာဝန်ပေးထားခြင်း, တာဝန်ယူထားခြင်း ယုံမှားမရှိ မချွတ်ကေန်ဖြစ်နိုင်လောက်ပါသည်။

မြင်းခြံမြို့နယ် ကျည်းပင်ရွာကျောင်းဆရာတော်က ကျောင်းသားငယ်မောင်ခင်ကို အရှင်သိဂ္ဂဝပမာ အခြေခံစာပေများ သင်ကြားပေးကာ မြင်းခြံမြို့ မင်းကျောင်းဆရာတော်ထံ

http://www.dhammadownload.com



ပို့ပေးသည်။ မင်းကျောင်းဆရာတော်ကလည်း ရှင်ဝိစိတ္တသာရအား အရှင်သိဂ္ဂဝထေရ်ပမာပင် ရှင်သာမဏေပြုပေး၍ ပိဋကအခြေခံစာပေများကို သင်ကြားပေးသည်။ မင်းကျောင်းဆရာတော်၏တပည့်များက ရှင်ဝိစိတ္တသာရကို ဘူမိနက်သန် မြေကောင်းမှန်သော မင်းကွန်းဓမ္မနာဒကျောင်းတိုက် ဆရာတော်အရှင်ပညာစက္ကထေရ်ထံ အပ်နှံပေးလိုက်သည်။ ဘုန်းကံကြီးသူများကို နေရာကောင်း, ဆရာကောင်းက အဆင်သင့်ဆီးကြိုနေတတ်ပါသည်။

ဆရာတော် အရှင်ပညာစက္ကကလည်း အရှင်စန္ဒဝဋ္ဋိထေရ်အလား ရှင်ဝိစိတ္တသာရအား ရှင်ဘဝ ရဟန်းဘဝ၌ အခြေခံနှင့်တကွ ပိဋက

http://www.dhammadownload.com



၃-ပုံ ဘုရားစကားအားလုံး တတ်မြောက်ကျွမ်းကျင်အောင် သင်ကြားပေးလိုက်သည်။ အရှင်ဝိစိတ္တသာရသည် အခြေခံပရိယတ္တိစာမေးပွဲများကိုဖြေဆို၍ ထူးထူးချွန်ချွန် အောင်မြင်ရုံမျှမက မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်း စာချတန်း၌ တစ်နှစ်တည်း ၃-ကျမ်းလုံး အောင်မြင်သဖြင့် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ပရိယတ္တိသာသနဟိတ(သကျသီဟ)ဓမ္မာစရိယဝင့်သကာဘွဲ့ကိုပါ ရတော်မူသည်။

❀❀❀

http://www.dhammadownload.com

## ၄။ တစ်ခေတ်တစ်ခါ တစ်ပါးသာ

မြန်မာနိုင်ငံတော်အစိုးရသည် ဆဋ္ဌသင်္ဂါယနာကို ဦးတည်၍ ရေးက မကျင်းပ မပြုလုပ်ဘူးသော တိပိဋကရွေးချယ်ပွဲကို အာဂုံပြန်ဆိုပွဲ သဘောရေးဖြေပွဲ ၂-မျိုးခွဲ၍ ကျင်းပပြုလုပ်ပေးသည်။ သမိုင်း၏တောင်းဆိုချက်အရ ပေါ်ပေါက်ရောက်ရှိလာသော အရှင်ဝိစိတ္တသာရာဘိဝံသ၏ အချိန်မီ တိပိဋကရဖြစ်ရေးအတွက် ဆန်းကြယ်သောကံက အချိန်ကိုက်

http://www.dhammadownload.com



ဖန်တီးပေးခြင်းလည်း ဖြစ်ပေလိမ့်မည်။ "ယခု ခေတ်ကာလ၌ တိပိဋကဓရပုဂ္ဂိုလ်ကျော်များ ပေါ်ထွက်မလာနိုင်တော့ပါ" ဟူသော အများ သံသယကို ပယ်ဖျောက်ပေးရန်အတွက် တိပိ ဋကရွေးချယ်ပွဲကို ကျင်းပပြုလုပ်ပေးသည့် သဘောမျိုးလည်း ဖြစ်နိုင်ပါသည်။ တိပိဋက ရွေးချယ်ပွဲ မဝင်ရောက်ဘဲ ကိုယ့်ဟာကိုယ်သာ ပိဋက ၃-ပုံကို ကျက်မှတ်ကြိုးစားနေလျှင် အများက တိပိဋကပုဂ္ဂိုလ်ကျော်ဟု ယုံကြည် ကြမည်မဟုတ်ပါ။

ပထမကျော် ဓမ္မာစရိယ သကျသီဟ ဝင်္ဂ သကာ အရှင်ဝိစိတ္တသာရာဘိဝံသသည် ၁၃၁၂ ခုနှစ် တတိယအကြိမ်ကျင်းပသော တိပိဋက

http://www.dhammadownload.com



ရွေးချယ်ပွဲမှစ၍ အာဂုံပြန်ဆို ရေးဖြေတော်မူသည်။ ဝိနည်း ၅-ကျမ်း, ဒီဃနိကာယ် ၃-ကျမ်း, အဘိဓမ္မာပထမပိုင်း ၅-ကျမ်း, အဘိဓမ္မာဒုတိယပိုင်း ၂-ကျမ်းဟု သင်ရိုးပိဋက ၃-ပုံကို ၄-ပိုင်းခွဲထားရာ ၄-ပိုင်းကို ၄- နှစ်မျှဖြင့် အာဂုံ,ရေးဖြေ ၂-မျိုးလုံး ဂုဏ်ထူးဖြင့် အပြီးအောင်မြင်တော်မူရကား ဝိသိဋ္ဌတိပိဋကဓရ မဟာတိပိဋကကောဝိဒဘွဲ့တော်ကို အံ့သြဖွယ်ကောင်းလောက်အောင် ရရှိတော်မူသည်။

ဆရာတော် တိပိဋကပြီးချိန်နှင့် မိမိ၏ တိပိဋကပြီးချိန် အသက်သိက္ခာချင်းတူပါသည်။ ၄၂- နှစ်၊ ၂၃- ဝါ ပါတည်း။ ဆရာတော်က ၄- နှစ်သာကြာ၍ မိမိက ၁၆- နှစ်ကြာပါသည်။

http://www.dhammadownload.com



သင်္ဂါယနာအတွက် ဆက်ကပ်လှူဒါန်းပူဇော်သည့် ပထမသင်္ဂါယနာ အဓိကတာဝန်ခံ အရှင်အာနန္ဒာ၏ဘွဲ့အမည်ဖြစ်သော တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့တော် ဆင်စွယ်ယပ်ဝန်းကိုလည်း ခံယူရရှိတော်မူသည်။ တိပိဋကရွေးချယ်ပွဲသည်လည်း အဓိကအားဖြင့် အရှင်ဝိစိတ္တသာရာဘိဝံသအစွမ်းပြရန်အတွက်, အရှင်ဝိစိတ္တသာရာဘိဝံသသည်လည်း တိပိဋကရွေးချယ်ပွဲ၌ အစွမ်းပြရန်အတွက် ပေါ်ပေါက်လာရသည် မဟုတ်ပါလော။

အရှင်ဝိစိတ္တသာရာဘိဝံသဟူသော ဒြပ်နှင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဟူသောဂုဏ်တို့သည် လိုက်ဖက်ညီ၍ အလွန်ထည်ဝါ တင့်

http://www.dhammadownload.com



တယ်လှသည်။ တကယ်လိုအပ်သည့်အချိန်၌ ချိန်းချက်ထားသကဲ့သို့ အချိန်ကိုက် ကွက်တိ ပေါ်ပေါက်လာရသည်။ အရှင်ဝိစိတ္တသာရာ ဘိဝံသသည် ဆဋ္ဌသင်္ဂါယနာအတွက်ဖြစ်၍ ဆဋ္ဌသင်္ဂါယနာကလည်း အရှင်ဝိစိတ္တသာရာ ဘိဝံသကိုသာ တိပိဋကအဖြစ်ဖြင့် အဓိက လိုအပ်နေသည် မဟုတ်ပါလော။

သမိုင်း၏တောင်းဆိုချက်အရ ပေါ်ပေါက်ခဲ့ ရသော တိပိဋကရေ သာသနာ့အာဇာနည် ပုဂ္ဂိုလ်ထူးကား မင်းကွန်းတိပိဋကဆရာတော် ၁-ပါးတည်းသာတည်း။ မေ့ဘာဏ္ဍာဂါရိကဘွဲ့ တော်သည်လည်း မင်းကွန်းတိပိဋက ဆရာ တော်နှင့်သာဆိုင်သော သင်္ဂါယနာတင်ဘွဲ့

http://www.dhammadownload.com



တော်တည်း။ နောက်ထပ် ပေါ်ပေါက်လာသော ကျန်တိပိဋကဆရာတော်များအားလုံးသည် မင်းကွန်းတိပိဋကဆရာတော်ကို အတုလိုက် ကြိုးစား၍ ပေါ်ပေါက်လာရသော ကိုယ်ပွားတိပိဋကများသာ ဖြစ်ပါသည်။

မိမိနှင့်တကွ နောက်ဆရာတော်များ ရရှိထားသည့် တိပိဋကဘွဲ့သည် မင်းကွန်းဆရာတော်ဘုရားကြီးရရှိထားသည့် တိပိဋကဘွဲ့နှင့် စာလုံးချင်းတူအောင် နှိုင်းယှဉ်ရေးပြနိုင်သော်လည်း တကယ့်အရည်အချင်းအားဖြင့် နှိုင်းယှဉ်ကြည့်လျှင်ကား မည်သို့မျှ ယှဉ်၍မရနိုင်ချေ။ နောက်ထပ် ဆက်လက်ပေါ်ထွက်လာကြဦးမည်ဖြစ်သော်လည်း မင်းကွန်းတိပိဋကရေ

http://www.dhammadownload.com



ဆရာတော်ဘုရားကြီးကို မီအောင် လိုက်နိုင်သည့် တိပိဋကဓရပုဂ္ဂိုလ်ကား ယခုခေတ်၌ ပေါ်မလာနိုင်တော့ပါ။ ဆဋ္ဌသင်္ဂါယနာက တောင်းဆို၍ ပေါ်လာရသော သမိုင်းဝင် တိပိဋကဓရကား မင်းကွန်းဆရာတော်ကြီး ၁-ပါး တည်းသာတည်း။ မင်းကွန်းဆရာတော်ကြီး ၁-ပါးတည်းသာ တိပိဋကဓရအစစ်ပါတည်း။

နောက်နောင် ပေါ်ပေါက်လာသော ပိဋက သုံးပုံဆောင်, နှစ်ပုံဆောင်, တစ်ပုံဆောင်, အစိတ်, အဝက်ဆောင်ပုဂ္ဂိုလ်အားလုံး မင်းကွန်းဆရာတော်ကြီးကျေးဇူးကြောင့်သာ ပေါ်လာရသည်ဖြစ်ရကား အားလုံး၏ဂုဏ်ကိုစုပေါင်း လိုက်လျှင် ပုဂ္ဂိုလ်များစွာ၏ဂုဏ်အားလုံး

http://www.dhammadownload.com



မင်းကွန်းဆရာတော်ဘုရားကြီး ၁-ပါးတည်း၌သာ ဦးညွှတ်စုပေါင်းမိသွားမည် ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီးသည် တစ်ခေတ်မှာ တစ်ခါ, တစ်ခါမှာ တစ်ပါးတည်းသာ ပေါ်ထွက်လာသော ကမ္ဘာ့အံ့ဖွယ် ရှားပါးပုဂ္ဂိုလ်ထူးကြီး ပါတည်း။

❀❀❀

http://www.dhammadownload.com

## ၅။ ကျရာတာဝန် ကျေပွန်အောင်ထမ်း

ချစ်ခင်မြတ်နိုးလေးစားထိုက်သည့် အောင်မြင်ကြီးပွားသည့်ပုဂ္ဂိုလ်ထူး၏ ဂုဏ်အင်္ဂါ ၃-ရပ်ရှိသည်။

(က) အတိတ်က လုပ်အား ကောင်းခဲ့ခြင်း၊ အတိတ်ကံကောင်းခြင်း (အတိတ်ကံ ကောင်း, မကောင်း ပစ္စုပ္ပန် ဉာဏ် ဝီရိယဖြင့် တူးဆွကြည့်ခြင်း)၊

(ခ) ပစ္စုပ္ပန် လုပ်အားကောင်းလောက်အောင်

http://www.dhammadownload.com



အရည်အချင်းရှိခြင်း (ဉာဏ် + တည်ငြိမ်ရင့်ကျက်အေးချမ်းမှု + ဘုန်းတန်းခိုးအာနုဘော် + ထည်ဝါမှုရှိခြင်း)၊

(ဂ) ပစ္စုပ္ပန်လုပ်အားကောင်းခြင်း၊ အများအတွက် ကျေးဇူးကြီးမားများပြားစွာ ပြုလုပ်ပေးနိုင်ခြင်း ဤ ၃-ပါးတည်း။

တစ်နည်းအားဖြင့်

(က) ဉာဏ်ရည်မြင့်မားအောင်မြှင့်တင်ခြင်း

(ခ) အလုပ်ကို ရွေးချယ်စီမံခန့်ခွဲတတ်ခြင်း၊

(ဂ) တကယ်အလုပ်လုပ်ခြင်း အားဖြင့်

၃- မျိုးပေတည်း။

မင်းကွန်းတိပိဋက ဆရာတော်ဘုရားကြီးသည် ထိုဂုဏ်အင်္ဂါ ၃-မျိုးလုံးနှင့် ပြည့်စုံပါ

http://www.dhammadownload.com



သည်။ ထို့ကြောင့်ပင် မနေမနား တကယ် အလုပ်လုပ်သည်။ လုပ်သမျှလည်း အရာရာ အောင်မြင်သည်။ မည်သည့်အလုပ်မဆို ကိုယ် လုပ်ရမည့်အလုပ်ကို သေချာအောင် သတိ ထား၍ ကြိုးစားလုပ်သည်။ သူတစ်ပါး အလုပ် လုပ်လျှင် လုပ်သင့်သည်ကို ဝင်ကူလုပ်ပေး တတ်သည်။ အပြောထက် အလုပ်ကို ဦးစား ပေးသည်။

မိမိသည် ၁၃၃၃-ခုနှစ် နွေရာသီ၌ ရေးက မရောက်ဘူးသော မင်းကွန်းသို့ စရောက်ခဲ့ သည်။ ပဌာန်မြားဆရာတော်ကြီး သက်တော် ၉၀ ပြည့်အတွက် ရောက်သွားခြင်းဖြစ်သည်။ တိပိဋကဆရာတော်ကြီးကို ဖူးတွေ့လိုသဖြင့်

http://www.dhammadownload.com



အဖော်ရဟန်းတစ်ပါးနှင့်အတူ မဲ့နာဒကျောင်း
တိုက်သို့ ရောက်အောင်သွားခဲ့သည်။ ကျောင်း
တိုက်ထဲဝင်လိုက်လျှင် ရဟန်းသာမဏေ
များ တံမြက်လှည်းနေသည်ကို တွေ့ရသည်။
ဆရာတော်ရှိ-မရှိ မေးကြည့်ရာ ရဟန်းများ
လက်ညှိုးညွှန်ရာကို ကြည့်လိုက်သည့်အခါ
ရဟန်း သာမဏေများပုံထားသော အမှိုက်ပုံ
များကို လိုက်ကျုံးနေသည့်ဆရာတော်ကို တွေ့
လိုက်ရသည်။ အမှိုက်ကျုံးရာက ထလာပြီး
"သူများတွေ အလုပ်လုပ်တာမြင်ရရင် ကိုယ်လဲ
မလုပ်ပဲမနေနိုင်လို့ အမှိုက်ကျုံးနေတာ ဦးဇင်း"
ဟု မိန့်ကြားကာ တွေ့ဆုံဖူးမြင်ခွင့်ပြုတော်
မူပါသည်။ မင်းကွန်းတိပိဋကဆရာတော်သည်

http://www.dhammadownload.com



အခြေခံအသေးအဖွဲ့အလုပ်ကစ၍ အလေး အနက်တန်ဖိုးထားကာ လေးလေးစားစား လုပ်ကိုင်ဆောင်ရွက်လေ့ရှိပါသည်။ ပညာရှိကြီးများလုပ်သမျှ ဂုဏ်ရှိသောအလုပ်ချည်းသာတည်း။

၁၃၄၇-ခုနှစ် နွေရာသီ မိမိ တိပိဋကပြီးခါစက မင်းကွန်း ရတနာဂူချောင်သို့ သွားရောက်အနားယူစဉ် မင်းကွန်းတိပိဋက ဆရာတော်ဘုရားကြီးထံ သွားရောက်ဖူးမြော်ခဲ့ရာ "ဦးသိရိန်၊ မင်းကွန်းမှာ ဘာလာလုပ်တာလဲ" "အနားယူလာတာပါဘုရား" "အေး ကောင်းတယ်၊ မင်းကွန်းဟာ စာလာပေလာအတိုင်း အနားယူလို့ အလွန်ကောင်းတဲ့ နေရာ၊ စာလာ

http://www.dhammadownload.com



ပေလာအတိုင်း အလုပ်လုပ်ဖို့လဲ အလွန်ကောင်းတဲ့နေရာ၊ မင်းကွန်းဟာ တရားချစ်တဲ့သူတော်ကောင်းတွေရဲ့အောင်မြေပဲ ဦးဇင်း" ဟု မိန့်ကြားတော်မူသည်။

ထို့ကြောင့်ပင်ဖြစ်ပါလိမ့်မည် ဆရာတော်ဘုရားကြီး ပျံတော်မူခါနီးအချိန်၌ တပည့်များက မန္တလေးသို့ပင့်ထားရာ "ငါဟာ မင်းကွန်းမှာပဲ ခေါင်းချပါရစေ၊ မင်းကွန်းကိုသာ အမြန်ပို့ပေးပါ" ဟု အတန်တန်ပူဆာ မိန့်ကြားတော်မူသဖြင့် တပည့်များက မင်းကွန်းသို့ ပြန်ပင့်ပေးရသည်။ မင်းကွန်းသည် တကယ့် ဆရာတော့်အောင်မြေပါတည်း။

မင်းကွန်းဆရာတော် တိပိဋကပြီး၍

http://www.dhammadownload.com



မကြာမီ ဆင္ဃသင်္ဂါယနာတင်ပွဲ စကျင်းပသည်။ ဆင္ဃသင်္ဂါယနာတင်ပွဲ၌ အဖြေဝိသဇ္ဇနက တာဝန်ကိုလည်း ကျေပွန်အောင် ထမ်းဆောင်သည်။ ရဲရင့်ပြတ်သား တည်ငြိမ်အေးမြ တိကျ ရှင်းလင်းလှသဖြင့် အားလုံးက လက်ဖျားခါ၍ အံ့သြချီးကျူးကြရသည်။ ပါဠိအမှားအမှန် သုတ်သင်ပေးရသည့် ဝိသောဓကတာဝန်ကိုလည်း ရဲရင့်တိကျပြောင်မြောက်စွာ အစအဆုံးကျေပွန်အောင် ထမ်းဆောင်ပေးသည်။ တိပိဋက အာဂုံပြန်ဆိုစဉ်ကပင် ပါဠိအမှားအမှန် သုတ်သင်ပေးရင်း ပြန်ဆိုခဲ့ပါသည်။ ဆရာတော်နှင့် ဆင္ဃသင်္ဂါယနာတာဝန် ခွဲခွာ၍ မရစကောင်း။ သင်္ဂါယနာတာဝန်အတွက်ပင်

http://www.dhammadownload.com



လူ့ပြည်သို့ ရောက်လာခြင်းဖြစ်သည်။

ဆဋ္ဌသင်္ဂါယနာသည် မင်းကွန်းတိပိဋက ဆရာတော်ကြောင့် ကမ္ဘာ့အလယ် ထည်ဝါခဲ့သည်။ အခြားထေရဝါဒနိုင်ငံများက မိမိတို့နိုင်ငံ၌ ဆဋ္ဌသင်္ဂါယနာတင်လိုကြသော်လည်း တင်နိုင်လောက်အောင် ပစ္စယာနုဂ္ဂဟလုံလောက်ကြသော်လည်း ဆဋ္ဌသင်္ဂါယနာနှင့် ထိုက်တန်သော တိပိဋကရေ ပုဂ္ဂိုလ်ကျော် မဖော်ထုတ်နိုင်ခဲ့သဖြင့် တင်ခွင့်မရဘဲ မျက်နှာငယ်ခဲ့ကြရသည်။ ဆဋ္ဌသင်္ဂါယနာအတွက် မြန်မာကို ထိုက်ထိုက်တန်တန် မျက်နှာပန်းလှစေခဲ့သည်မှာ အဓိကအားဖြင့် မင်းကွန်း တိပိဋကဆရာတော်သာ ဖြစ်ပါသည်။

http://www.dhammadownload.com



မင်းကွန်းတိပိဋကဆရာတော်သည် သာသနာအတွက် (ဗုဒ္ဓဘာသာဝင်အားလုံး အတွက်) အလွန်ကျေးဇူးများလှသည့် မဟာဗုဒ္ဓဝင်ကျမ်းကြီး ၆-တွဲ (၈-အုပ်)ကို ကြိုးကြိုးစားစား တိကျရဲရင့်ပြောင်မြောက်စွာ ရေးသားပြုစုပေးတော်မူခဲ့သည်။ တိပိဋကပုဂ္ဂိုလ်ကျော်များ ပေါ်ထွက်တိုးပွားရေးအတွက် မိုးမိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းတိုက်နှင့် ရန်ကုန်မြို့ ဒဂုံ စကားဝါလမ်း တိပိဋကနိကာယကျောင်းတိုက် စသောတိုက်ခွဲတို့ကို တည်ထောင်ဖွင့်လှစ်ပေးခဲ့သည်။ ဆရာတော့်ကျောင်းမှ တိပိဋကကောဝိဒ ပုဂ္ဂိုလ်ကျော် ၅-ပါးပင် ပေါ်ထွက်လာခဲ့ပြီဖြစ်သည်။ အစိတ်, အဝက်

http://www.dhammadownload.com



အောင်ပုဂ္ဂိုလ်များကား အလွန်များလှပါ၏။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်တာဝန်ဖြင့် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် အစွမ်းကုန်ကြိုးစား ဆောင်ရွက်ပေးခဲ့သည်။ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့၌ သမိုင်းဝင် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများကိုလည်း ကြိုးစားဖော်ထုတ်ပေးခဲ့သည်။ တိုင်းနှင့်ပြည်နယ် မြို့တော်များ၌ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းများကိုလည်း တည်ထောင်ဖွင့်လှစ်ပေးခဲ့သည်။ တိပိဋက မပြန်ဆိုမီကပင် စာပေကြိုးစားချပို့သင်ပြပေးသည်။ တိပိဋက နိကာယကျောင်းတိုက်များ တည်ထောင်ဖွင့်

http://www.dhammadownload.com



လှစ်ပြီးသောအခါ တိပိဋကလောင်းလျာများ အား တိပိဋကစာပေများကို များပြားလှသော သာသနကိစ္စများထဲမှ အချိန်ကိုခွဲဝေလှယူကာ ချပို့သင်ပြပေးတော်မူသည်။ ဤသို့ စသည် ဖြင့် လောက သာသနာအတွက် အလွန်ကျေး ဇူးများလှသည့် မင်းကွန်းတိပိဋက ဆရာတော် ဘုရားကြီး၏ တာဝန်ယူဆောင်ရွက်ချက်တို့ ကား မရေတွက်နိုင်အောင် အလွန်များပြား လှပါသည်။

✿✿✿

http://www.dhammadownload.com

## ၆။ အရှင်းများသော်လည်း အမြွတ်နည်း

မင်းကွန်းတိပိဋကဆရာတော်သည် မျက်မှောက်ခေတ်၌ ကံ, ဉာဏ်, လုံ့လအရာ ပြိုင်ဘက်ကင်းလောက်အောင် ဘက်စုံထူးချွန်ကြီးမားတော်မူလှသည်။ ထို့ကြောင့်ပင် အရာရာ အောင်မြင်အောင် ဆောင်ရွက်တော်မူနိုင်စွမ်းရှိသည်။ တိပိဋကအာဂုံပြန်ဆိုစဉ်ကဖြစ်စေ, ဆဋ္ဌသင်္ဂါယနာအဖြေတာဝန်ဆောင်ရွက်စဉ်အခါ၌ဖြစ်စေ, တရားပွဲများတွင် တရား

http://www.dhammadownload.com



ဟောရာ၌ဖြစ်စေ အသံကြည်လင်ပြတ်သားလှသည်။ တည်ငြိမ်ခန့်ညားလေးနက်သည်။ သာယာနာပျော်ဖွယ် အလွန်ကောင်းသည်။ ကြားရသူတို့ နာယူ၍ မဝနိုင်၊ မငြီးနိုင်။ ၁၃၂၂-ခုနှစ် မိမိသာမဏေဘဝက ဆဋ္ဌသင်္ဂါယနာ အမေးအဖြေတိတ်ခွေများကို စတင်နာယူခွင့်ရခဲ့ရာ ထပ်တလဲလဲ နာယူ၍မဝနိုင်အောင် ကြည်နူးဝမ်းသာ၍ မဆုံးနိုင်အောင် ရှိခဲ့ရပါသည်။ ကံက ပေးသည့်အသံကို မည်သူမျှ ယှဉ်ပြိုင်၍ မရနိုင်ပါ။

ဟောပြောရွတ်ဆိုသမျှ စာအုပ်ကို ကြည့်၍ ဖတ်သည်ထက်ပင် တိကျသေချာလှသည်။ စကားထပ်ခြင်း, တွန့်ထစ်ခြင်း, ချောင်းဟန့်

http://www.dhammadownload.com



ခြင်း လုံးဝမရှိ။ တစ်လုံးချင်း ပီသသည်။ မြည် ဟိန်းသည်။ ဖလင်ပြားဖြင့် ရိုက်ကူးထားသကဲ့ သို့ မှတ်အားသတိ အလွန်ကောင်းသည်။ ပိဋက ၃-ပုံ နိကာယ် ၅- ရပ်လုံး ဘယ်အရာ ဟောဟော ဘယ်နေရာဟောဟော ဘယ်အခါ ဟောဟော ကျေညက်နေသည်ချည်းသာ တည်း။ တစ်ခါတစ်ရံ ညတရားပွဲများ၌ ဟော နေစဉ် ပွဲဆက်များ၍ ပင်ပန်းလွန်းလှသဖြင့် ငိုက်ခနဲ မေးခနဲ ဖြစ်သွားသော်လည်း နှုတ်မှ ဟောနေသည့်အသံကား ရပ်တန့်ပြတ်စဲမသွား ဘဲ အရှိန်မပျက် ဟောနေလျက်ပင် ရှိသည်ဟု မိန့်ကြားဖူးပါသည်။ ရွတ်လို ဟောလိုသည့် စာအားလုံး နှုတ်တက်ကျေညက်နေသည်။

http://www.dhammadownload.com



ဆရာတော်သည် သာသနာအတွက်, အများအတွက် ဆောင်ရွက်ပေးရာ၌ ဘုရားဆုပန် ပုဂ္ဂိုလ်မြတ်ကြီးများ၏ ဆောင်ရွက်ပုံကဲ့သို့ အလွန်ကြီးကျယ်အောင်လုပ်ဆောင်ပေးသော်လည်း ပကတိသာဝကဆုမျှကိုသာ ပန်ဆင်ဆုတောင်းထားသည်။ ဓမ္မစေ သောတာပန်နတ်သားဆုကိုသာ တောင်းထားသည်။ နတ်ပြည်၌ ကြာကြာတရားဟောပေးလိုသည့်ဆန္ဒရှိနေသေးဟန်တူပါသည်။ "ဘုန်းကြီးက အရင်းများများစိုက်ထားပေမယ့် ဘုရားဆုကြီးပန်များလို ကြိုးစားထားပေမယ့် အမြတ်ကျတော့နည်းနည်းပဲယူမယ်"ဟု မကြာခဏ မိန့်ကြားတတ်သည်။ ကြက်သီးထဖွယ် ကောင်းလေစွ။

http://www.dhammadownload.com



ပုထုဇဉ်အများစုသည် အရင်းနည်းနည်းသာ စိုက်လို၍ အမြတ်များများ ရလိုကြသည်။ နည်းနည်းပေး၍ များများယူလိုကြသည်။ ကုသိုလ်နည်းနည်းလေးလုပ်ပြီး ဆုအများကြီး တောင်းကြသည်။ တာဝန်ဖြင့်လာခဲ့သော ဆရာတော့်အတွက်ကား တာဝန်ကျေပွန်အောင် ဆောင်ရွက်ပေးနိုင်ခြင်းသည်ပင် ဆရာတော့် အမြတ်ဖြစ်သည်။ ကိုယ့်အတွက် သီးသန့် မည်သည့်အမြတ်ကိုမျှ မယူလိုတော့၊ ဤသည်ပင်လျှင် အဆင့်မြင့်ပုဂ္ဂိုလ်တို့၏ ရင့်ကျက်မြင့်မြတ်သောစိတ်ထားဖြစ်သည်။ ဓမ္မရေနတ်သားဘဝမှလာခဲ့ပါနတ်ဘူ၍ ဓမ္မရေနတ်သား ဘဝကိုပင် ပြန်ယူခြင်းလည်း ဖြစ်နိုင်သည်။

http://www.dhammadownload.com



ဆရာတော့်အမြတ်အားလုံး လောက သာသနာအတွက်သာ ဖြစ်ပါသည်။ ဆင္ဂသင်္ဂါယနာတင်ပွဲကျင်းပစဉ်က ဆရာတော်ကို ပူဇော်သောအားဖြင့် အကောင်းဆုံးကားတစ်စီးကို လှူဒါန်းခဲ့ရာ ဆရာတော်က "ကားကြောင့်ချမ်းသာထက် ဆင်းရဲများမည်ဖြစ်ကြောင်း" မိန့်ကြား၍ လက်မခံဘဲ ငြင်းပယ်ကာ နိုင်ငံတော်အဘွက် ပေးစွန့်လှူဒါန်းခဲ့သည်။ နိုင်ငံခြားတိုင်းပြည်များက အကြိမ်ကြိမ်ပင့်ကြသော်လည်း လုံးဝလက်မခံဘဲ မကြွရောက်ဘဲ ငြင်းပယ်ခဲ့ပါသည်။

ဆရာတော့် တိပိဋကဓမ္မရတနာနှစ်က ဒကာ

http://www.dhammadownload.com



ဒကာမများက မန္တလေးမြို့၌ ငွေရတုပူဇော်ပွဲ ကျင်းပရာ တိပိဋကကိုအာရုံပြု၍ သုံးသိန်း လှူကြသည်။ သုံးသိန်းဟူသည် ယခုကာလ တန်ဖိုးအရ သိန်း(၃၀၀၀)ပေတည်း။ ကိုယ့် အတွက် လုံးဝမယူဘဲ တစ်ထိုင်တည်းဖြင့် သာသနာအတွက် အားလုံးစွန့်ကြဲလှူဒါန်းပစ် လိုက်သည်။ ကိုယ့်အတွက် ဆွမ်းလေးတစ် ဆုပ် - ပဲနီပြုတ်လောက်မျှဖြင့် တင်းတိမ်ရောင့် ရဲကာ ရလာသမျှအားလုံးကို တိပိဋကလောင်း လျာတပည့်များအတွက် စွန့်ကြဲလှူဒါန်းချီး မြှောက်သည်။ ဤသို့ စသည်ဖြင့် ဆရာတော် ၏ ကိုယ်ကျိုးစွန့်အနစ်နာခံကာ အရင်းများ

http://www.dhammadownload.com



များစိုက်၍ အမြွတ်နည်းနည်းယူပုံများမှာ အလွန်များလှပါသည်။ ကုသိုလ်ကောင်းကျိုး ကား မလိုချင်လေ ပိုရလေ ဖြစ်မည်သာ တည်း။

❀❀❀

http://www.dhammadownload.com

## ၇။ ဝုဏ်ရည်ကြီးမြတ် ဓမ္မအစ်

ကမ္ဘာ့အံ့ဖွယ် မင်းကွန်းတိပိဋက ဆရာတော်ဘုရားကြီးသည် ၁၂၇၃-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁-ရက်နေ့၌ ဖွားမြင်တော်မူခဲ့သည်ဖြစ်၍ ယခု ၁၃၇၃-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁-ရက်နေ့၌ သက်တော် (၁၀၀)တိတိပြည့်ပါပြီ။ နှစ်ပေါင်း(၁၀၀) ဟူသည် တာဝတိံသာနတ်သက် ၁-ရက်, စာတုမဟာရာဇ်နတ်သက် ၂-ရက်သာတည်း။

http://www.dhammadownload.com



ဓမ္မစေရနတ်သား၏ လှူပြည်လာ၍ ဆင္ဒသဂ်ီ ယနာခေတ် သမိုင်းပေးတာဝန်ကို ထမ်းဆောင်ပေးခြင်းသည် နှစ်ပေါင်း(၇၀)ကျော်ဖြစ်၍ တာဝတိံသာနတ်သက်အားဖြင့် နေ့ချင်းပြန်ခရီးထွက်ခဲ့ခြင်းသာ ဖြစ်ပေလိမ့်မည်။ ဤအတိုင်းမှန်လျှင် နေ့ချင်းပြန်ခရီး အပြန်လှလိုက်လေစွ။

သက်တော်ထင်ရှားမရှိတော့သော်လည်း ဓမ္မအားဖြင့် ဆရာတော်ထင်ရှားရှိနေပါသည်။ တိပိဋကနိကာယလုပ်ငန်းများ၊ ပရိယတ္တိတက္ကသိုလ်လုပ်ငန်းများ စသည့် သာသနာ့လုပ်ငန်းများ အဆက်မပြတ် လည်ပတ်နေသမျှ မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီး ထင်

http://www.dhammadownload.com



ရှားရှိနေပါသေးသည်။ ပိဋက ၃-ပုံ တရားရှိနေသမျှ မြတ်စွာဘုရား ထင်ရှားရှိနေသကဲ့သို့သာ ဖြစ်ပါသည်။

၁၃၇၃-ခုနှစ်သည် မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီး သက်တော် ရာပြည့်နှစ်ဖြစ်သကဲ့သို့ မိမိ၏ ရဟန်းသိက္ခာ ရွှေရတုနှစ်လည်းဖြစ်သည်။ မိမိ၏မယ်တော်ကြီး ဒေါ်တုတ်ခိုင်၏ အသက်(၉၀)ပြည့်နှစ်လည်းဖြစ်ပါသည်။ ကုသိုလ်ရရှိ တိုးပွားစရာအဖြစ်ဖြင့် ကြုံကြိုက်တိုက်ဆိုင်လာသဖြင့် ယှဉ်တွဲပြခြင်းဖြစ်ပါသည်။

ဗုဒ္ဓသာသနာ ရတနာနှင့် တွေ့ဆုံခွင့်ရသည့်လူ့ဘဝသည် အတိတ်ကုသိုလ်ကံကောင်း

http://www.dhammadownload.com



ဟူသော ရွှေဖြင့်စက်၍ လဲလှယ်ဝယ်ယူခဲ့ရ သည့်ဘဝဖြစ်သဖြင့် အချိန်တိုင်း အဖိုးမဖြတ်နိုင်လောက်အောင် တန်ဖိုးကြီးမားလှပါသည်။ အချိန်တိုင်း ကုသိုလ်ရရှိတိုးပွားအောင် အချိန်ထိန်းကိရိယာ သတိမြဲဖို့ အထူးလိုအပ်ပါသည်။

မင်းကွန်းတိပိဋက ဆရာတော်ဘုရားကြီးသည် အကယ်၍ ဗုဒ္ဓသာသနာမရှိသည့် တိုင်းပြည်နေရာ၌ လူဖြစ်ခဲ့သော် ဤကဲ့သို့ အံ့ဖွယ်အစွမ်းများကို ပြနိုင်မည်မဟုတ်ပါ။ အံ့မခန်းသည့်ဆရာတော့်အစွမ်းကို သိခွင့်, အတုယူကြည်ညိုခွင့်ရခြင်းမှာ အံ့ဖွယ်ဗုဒ္ဓသာသနာတော်၏ကျေးဇူးကြောင့်ပါတည်း။ ဗုဒ္ဓသာသနာ

http://www.dhammadownload.com



သည် မြန်မာနှင့်ထိုက်တန်၍ မြန်မာပြည်သို့ အပြည့်အစုံ ရောက်လာခဲ့ပြီးဖြစ်သည်။ ဗုဒ္ဓသာသနာသည်ပင် ဗုဒ္ဓပါတည်း။

တပည့်ရဟန်းတစ်ပါးက ဗုဒ္ဓဂယာသို့ ဘုရားဖူးသွားလိုသဖြင့် မင်းကွန်းတိပိဋက ဆရာတော်ကြီးထံ ခွင့်ပန်လျှောက်ထားရာ ဆရာတော်ကြီးက "ဦးဇင်း၊ မြတ်စွာဘုရားက တို့ရဲ့ မြန်မာပြည်ကို ကြွလာခဲ့ပြီးပြီကွဲ့၊ ဘုရားဖူးချင်ရင် မြန်မာပြည်ထဲမှာဘဲ ဖူးပါလား၊ ရွှေတိဂုံဘုရားကို (၇)ပတ်လောက် လှည့်ဖူးလိုက်ရင် စရိတ်မကုန် အချိန်မကုန် ခရီးမပန်းပဲ ဘုရားနှင့်တွေ့ပါပြီကွယ်" ဟု မိန့်တော်မူပါ

http://www.dhammadownload.com



သတဲ့။ မြန်မာကို ဆရာတော်မြတ်နိုးခြင်းမှာ ဗုဒ္ဓသာသနာတော်ကြောင့် ဖြစ်ပါသည်။

သာမန်ဂုဏ်နည်းသူကို မကြာမီပင် မေ့ပျောက်သွားတတ်သော်လည်း ဂုဏ်ကြီးမားများပြားသူကိုကား မည်မျှပင်ကြာသော်လည်း မမေ့ပျောက်အပ်ပေ။ ပရိယတ်ဂုဏ်, ပဋိပတ်-သိက္ခာဂုဏ်, သာသနာပြုဂုဏ်, လောကသာသနာ ကောင်းကျိုးပြုဂုဏ်များ တိုင်းတာရေတွက်၍ မရနိုင်အောင် ကြီးမားများပြားတော်မူလှသော မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီးကို နှစ်ပေါင်းရာထောင်ကြာသော်လည်း မမေ့ပျောက်အပ်- မမေ့ပျောက်ထိုက်

http://www.dhammadownload.com



မမေ့ပျောက်နိုင်ပေ။ အမှတ်ရတိုင်း တွေးလိုက်တိုင်း အသိဆန်းကြယ်၍ အနှစ်ကြွယ်ကြောင်းကောင်းမှုများစွာ ရရှိတိုးပွားစေပါသည်။

❁❁❁

http://www.dhammadownload.com

## ၈။ အသိဆန်းကြယ်မှ အနှစ်ထွက်ပုံ

✤ ခန္ဓာအရှိ၊ မြင်အောင်ကြည့်၊
အသိ ဆန်းကြယ်က။

✤ ချမ်းသာရကြောင်း၊ အကောင်းအစစ်၊
ရအောင်ညှစ်၊ အနှစ်ပြည့်ထွက်ဝ။

ဗုဒ္ဓသာသနာနှင့် ရတနာသုံးပါး ရေခံမြေခံ အလွန်ကောင်းသည့် မြန်မာ့မြေပေါ်၌ ဖြစ်ခွင့်ရသောလူ့ခန္ဓာသည် ကုသိုလ်ဘဏ် တိုက်ပေတည်း။ အဖိုးတန်ကုသိုလ်များကို

http://www.dhammadownload.com



အတိုးနှင့်တကွ လိုသလောက် ထုတ်ယူနိုင်ခွင့် ရှိသည်။ ဆက်သွယ်ရေးတော့ လိုသည်။ နည်းမှန်လမ်းမှန် တရားအသိဉာဏ်ရအောင် သင်ယူလေ့လာရမည်။ နည်းမှန်လမ်းမှန် ဟောပေးသူ၏တရားကို နာယူရမည်။ နည်းမှန်လမ်းမှန် ရေးသားပေးသူ၏ တရားစာကို ဖတ်ရှုလေ့လာရမည်။ တရားနာယူခြင်းဖြင့် ကိုယ့်ခန္ဓာသတင်းကို နားထောင်ပေးမှ တရားစာဖတ်ရှုခြင်းဖြင့် ကိုယ့်ခန္ဓာသတင်းစာကို ဖတ်ရှုလေ့လာပေးမှ အသိဉာဏ်များ ဖြစ်ပေါ်တိုးပွားလာမည်။ သတိ ဝီရိယ သမာဓိဉာဏ် ဖြစ်ပေါ်တိုးပွားအောင် မကြာမကြာ လေ့ကျင့်ပေးမှလည်း အသိစင် ကြယ်ဖွံ့ဖြိုးလာမည်။ အရာရာအဝင်ဆံ့အောင်

http://www.dhammadownload.com



ဆန်းကြယ်လာမည်။

အသိဉာဏ် ရှင်းလင်းစင်ကြယ် ဆန်းကြယ် လာလျှင် စားဝတ်နေရေး ကျန်းမာရေးဆိုင်ရာ ရာတန်, ထောင်တန်ပစ္စည်းများကို ခန္ဓာအတွင်း ထည့်သွင်းလိုက်ရုံဖြင့်ပင် တန်ဖိုးမဖြတ်နိုင် အောင် ကြီးကျယ်များပြားလှသည့် ကုသိုလ် ဘဏ်တိုးများကို ရနိုင်သည်။ ကိုယ့်ခန္ဓာကို ပေးသမျှ ကျွေးသမျှ ရတနာသုံးပါးကျေးဇူး ကြောင့် ဘဏ်တိုးမြောက်မြားစွာ ပြန်ရသည်။ ဘဏ်တိုးနှုန်း အလွန်များသည်။ အနည်းငယ် ကုန်သွားလျှင်ပင် နိဗ္ဗာန်ထိအကျိုးပေး၍ မကုန် နိုင်သည့်အတိုး အမြောက်အမြားပြန်ရနိုင်သည်။ ဂုဏ်စွမ်းရည်ကြီးမားလှသည့် ရတနာသုံးပါး

http://www.dhammadownload.com



ကို မီနိခွင့်ရလျှင် မီနိသူမှာလည်း မီနိတတ်သလောက် စွမ်းရည်များစွာ ရရှိလာရပါသည်။

ဓမ္မဟူသည် လောကကို အနိုင်ယူဖို့ လောက,က ပေးလာသမျှ ဒုက္ခကိလေသာ ဆင်းရဲအပူကို အနိုင်ယူဖို့ အရေးကြုံလာတိုင်း လူ့ဖက်ကနေ၍ ဝင်ရောက်ကူညီဖို့ ပေါ်ပေါက်လာခြင်းဖြစ်သည်။ လောကကိုစိန်ခေါ်၍ ဓမ္မပေါ်လာရသည်။ ကုသိုလ်တစ်ခုခုကို မဖြစ်မနေလုပ်နေရခြင်းသည် လောက,ကပေးသည့် ဆင်းရဲအပူများကို အားပြိုင်စိန်ခေါ်နေခြင်းပေတည်း။ လူ့ဘဝခန္ဓာသည် ဒုက္ခကိလေသာကြောင့် အနေခက်သော်လည်း ရတနာသုံးပါးကျေးဇူးကြောင့် ကောင်းမှုတရား ရတနာဟူ

http://www.dhammadownload.com



သော ရွှေထွက်သည့်ရတနာမြေဖြစ်သည်။ သတိ ဝီရိယ သမာဓိဉာဏ်ဖြင့် ထိုးဖောက်ယူတတ်သလောက် တရားအနှစ်ပေါ်ထွက်လာမည်ဖြစ်သည်။ အသိဆန်းကြယ်သလောက် အနှစ်ကြွယ်လာမည်။

ခန္ဓာ၌ ရုပ်နာမ်များ ဖြစ်ပျက်နှစ်တန် နိုပ်စက်ဒဏ်ကြောင့် အမြဲလှုပ်နေကြသည်။ ဝိပဿနာဉာဏ်ဖြင့်ကြည့်မှ မြင်ရမည်။ မိမိစိတ်တိုင်းကျ အကောင်းများဖြင့်တည်ဆောက်ထားသည့်ခန္ဓာသည် ဖြစ်ပျက်ဒဏ်ကြောင့် တစ်အိအိ ပြိုကျပျက်စီးနေသည်။ သာသနာ၌ အားအကောင်းဆုံးဖြစ်သည့် သတိဉာဏ်ယူအားက အပျက်အပူကြားထဲမှ အနှစ်ကို

http://www.dhammadownload.com



ရအောင်ဆွဲယူနိုင်သည်။ အသိဆန်းကြယ် သလောက် အနှစ် ကေန်ကြွယ်ဝလာရသည်။

ဆရာက တပည့်ကို မြန်မြန်လိမ္မာစေလို, တတ်မြောက်စေလိုလှသဖြင့် တုတ်ဖြင့်ခပ်နှာ နာရိုက်၍ဆုံးမသကဲ့သို့ အနာရောဂါနှိပ်စက်ခံ ရခြင်း, နေထိုင်မကောင်းခြင်း ဟူသည် ခန္ဓာ က လူကို သဘောပေါက်နားလည်စေလို, ဝိပဿနာအသိဉာဏ်ရှင်းစေလိုလှသဖြင့် အနာ ရောဂါဖြင့် ညှဉ်းဆဲပြီး ဆုံးမနေခြင်းပင်ဖြစ် သည်။ သတိဉာဏ်ရှိလျှင် တကယ်ပင် သဘောပေါက် နားလည်သွားရပါသည်။ အသိ ဆန်းကြယ်သလောက် အနှစ်ကြွယ်လာရ သည်။

http://www.dhammadownload.com



လူ့ဘဝ၌ ကုသိုလ်သာ ပဓာနဖြစ်သဖြင့် ကုသိုလ်က မည်သည့်အရာကိုမျှ နေရာဖယ် ပေးစရာမလိုပါ။ မည်သည့်အတွက်ကြောင့်မျှ ကုသိုလ်က အရှုံးပေးရန်မလိုပါ။ ကုသိုလ် အချုပ်ဖြစ်သော သတိဉာဏ်ကို စွဲစွဲမြဲမြဲ ကိုင် ထားနိုင်ရန် ကြိုးစားပေးနေရပါမည်။ စား ဝတ်နေရေးကိစ္စသည် ယခုမှ လုပ်ရသည့်ကိစ္စ မဟုတ်၊ တစ်သံသရာလုံး လုပ်နေခဲ့ရသည့် ကိစ္စဖြစ်သည်။ စားဝတ်နေရေးကြောင့် ကုသိုလ် က နေရာဖယ်ပေးရန်မလို၊ စားဝတ်နေရေး ထဲ၌ ကုသိုလ်ပါဝင်နိုင်အောင် သတိဉာဏ်ဖြင့် မပြစ်မနေ တွဲပေးနိုင်ရမည်။ စားဝတ်နေရေး ကြောင့် အသိဆန်းကြယ်သလောက် အနှစ်

http://www.dhammadownload.com



ကြွယ်လာမည်သာ ဖြစ်သည်။

စီးပွားရေး - လူမှုရေးကိစ္စများကို ယခုမှ လုပ်ရသည်မဟုတ်၊ တစ်သံသရာလုံးလုပ်ခဲ့ရ သည်။ ၎င်းကိစ္စများကြောင့်လည်း ကုသိုလ်က နေရာဖယ်ပေးစရာမလို၊ သတိဉာဏ်ဖြင့် ၎င်း ကိစ္စများထဲ၌ ကုသိုလ်ပါဝင်အောင် တွဲပေးရုံ သာ ဖြစ်သည်။ ကုသိုလ်ပါဝင်အောင် ထည့် မပေးနိုင်လျှင် စားဝတ်နေရေး၊ စီးပွားရေး၊ လူမှုရေးများကြောင့် အောက်ကိုမြုပ်သွား မည်ဖြစ်သည်။ နာခြင်း၊ အိုခြင်းဒုက္ခကို ယခုမှ တွေ့ရသည်မဟုတ်ဘဲ တစ်သံသရာလုံးတွေ့ လာခဲ့ရသည်ဖြစ်၍ အိုနာကြောင့် ကုသိုလ်က နောက်ဆုတ်ပေးစရာလည်း မလို၊ နေရာဖယ်

http://www.dhammadownload.com



ပေးစရာလည်း မလို၊ သတိဉာဏ်ဖော်၍ ရနိုင်သလောက် ကုသိုလ်ယူနေရမည်သာ ဖြစ်သည်။ အသိဆန်းကြယ်လျှင် အနှစ်ကြွယ်ရမည်သာတည်း။

"မအားသေး၍ ကုသိုလ်မလုပ်နိုင်သေးဘူး" "ပိုက်ဆံ, ပစ္စည်း မရှိသေး၍ ကုသိုလ်မလုပ်နိုင်သေးဘူး" ဟုပြောနေလျှင် "အချိန်ပိုလာမှ၊ ပိုက်ဆံ, ပစ္စည်းပိုလာမှ ကုသိုလ်လုပ်နိုင်မည်"ဟု ပြောရာရောက်သွားမည်။ ထိုသို့ဖြစ်လျှင် ကုသိုလ်သည် ပိုမှလုပ်၍ဖြစ်နိုင်သည့် အပိုအလုပ်သာ ဖြစ်သွားလိမ့်မည်။ ကုသိုလ်ဟူသည် အားသည်ဖြစ်စေ မအားသည်ဖြစ်စေ, ပိုက်ဆံ ပစ္စည်းရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ

http://www.dhammadownload.com



သတိဉာဏ်ဦးစီးသောအသိစိတ်ဖြင့် အမြဲ ဦးစားပေးလုပ်နေရမည့် အဓိကလူ့အလုပ် ဖြစ်သည်။ နေ့စဉ် အဆက်မပြတ် အားယူနေရ မည့် အရေးအကြီးဆုံး လူ့အရှိန်အဝါလည်း ဖြစ်သည်။ အားအား မအားအား, ပိုက်ဆံ ရှိရှိ မရှိရှိ အသိဆန်းကြွယ်လျှင် အနစ်ကြွယ်နေ မည်သာ ဖြစ်သည်။

ရေစီးနေသည့်မြစ်ထဲ၌ ထင်းတုံးများ, ဝါးများ မျောပါလာလျှင် ရေကို အရပ်ခိုင်း၍ မရသဖြင့် ရေထဲဆင်းကူးသွားပြီး မိရာကို ဆွဲဆယ်ယူမှ ရနိုင်မည်ဖြစ်သည်။ လက်ပစ် ကူး၍ဖြစ်စေ, ဘူးတောင်း-လေသမ္ဗန်ဖြင့် ကူး ခပ်၍ဖြစ်စေ ဆယ်ယူလျှင် ဆယ်ယူနိုင်

http://www.dhammadownload.com



သလောက် ရနိုင်သည်။ လူ့ဘဝ စားဝတ်နေ ရေးမြစ်ကြီးထဲ၌လည်း ဒါန, သီလ, ဘာဝနာ ကုသိုလ်ရခွင့်များ မျောပါလာနေကြသည်။ စားဝတ်နေရေးအလုပ်ကို ရပ်ထား၍ မရ နိုင်သဖြင့် သတိဉာဏ်ဖြင့်ကူးခပ်ပြီး မီရာ ကောင်းမှုကို ဆွဲဆယ်ယူရမည်။ ဆယ်ယူနိုင် သလောက် ကုသိုလ်ပိုင်ခွင့်ရမည်။ အသိဆန်း ကြယ်သလောက် အနှစ်ကြွယ်လာမည် ဖြစ် သည်။

အဝိဇ္ဇာတဏှာဖြင့် ပစ္စည်းသုံးနေလျှင် သေးသေးတင်သုံးဖြင့် စွမ်းအားပေါ်အောင် သုံးနေခြင်းမဟုတ်ဘဲ ဉာဏ်သုဉ်းဖြင့် သုည ဖြစ်အောင် မျောမြုပ်သွားအောင် သုဉ်းဖြုန်း

http://www.dhammadownload.com



ပစ်နေခြင်းဖြစ်သဖြင့် အကုန်ကာသာ နိုင်သွားသောကြောင့် ကုန်သွားတိုင်း စိတ်အားငယ်ရ စိတ်ဓာတ်ကျရ စွမ်းအားကျဆင်းရသည်။ ထို့ကြောင့် "ကုန်ကျ" ဖြစ်သွားသည်။ သတိဉာဏ်ဖြင့် ပစ္စည်းသုံးတတ်လျှင် ကောင်းမှုစွမ်းအားတရားပေါ်လာသဖြင့် အရက နိုင်သွားသောကြောင့် ကုန်သွားတိုင်း စိတ်ဓာတ်တက်ကြွအားရှိရသည်။ စွမ်းအားများ ရရှိတိုးပွားလာသည်။ အရစာရင်းပြနိုင်သည်။ ထို့ကြောင့် "ကုန်ရ" ဖြစ်လာသည်။ အသိဆန်းကြယ်လျှင် တစ်ခုခုကုန်သွားတိုင်း အနှစ်ပြန်ရနိုင်သဖြင့် အနှစ်ကြွယ်ကာ အားတက်လာပါလိမ့်မည်။

"အပ္ပမာဒေန သမ္ပာဒေထ" ဟူသည်

http://www.dhammadownload.com



"ကိုယ့်ဂုဏ်ကိုယ်ပြု ကောင်းတာစု၍ ကောင်းမှုတိုးအောင် စွမ်းအောင်ဆောင်ကာ ကောင်းစွာမသွေ ပြီးပြည့်စုံကြပါစေကုန်လော့" ဟု ဆိုလိုပါသည်။ သိက္ခာသုံးပါးမြတ်တရားကို ဖြည့်ကျင့်နေခြင်း,တရားအလုပ် အားထုတ်နေခြင်းသည် ကိုယ့်ဟာကိုယ် ဂုဏ်ပြုပွဲလုပ်ပေးနေခြင်းဖြစ်သည်။ ဂုဏ်ပြုထူးကဲ ပူဇော်ပွဲဟု ဆိုနိုင်သည်။ မပူဇော်လို၍ မပူဇော်ဘဲနေကြသော်လည်း ကိုယ့်ဂုဏ်အစစ် တကယ်ဖြစ်နေသောကြောင့် တကယ်ပူဇော်ထိုက်နေပါသည်။ ကိုယ့်ဟာကိုယ် သိက္ခာပြည့်အောင် နည်းမှန်လမ်းမှန် ဂုဏ်ပြုပေးနေရမည်။ သူတစ်ပါးတွေက ကိုယ့်ဂုဏ်ရအောင် ပြုမပေးနိုင်ကြပါ။

http://www.dhammadownload.com



ကိုယ်တိုင်ပြုထား၍ ကိုယ့်မှာရှိနေသောဂုဏ်ကို မပူဇော်ဘဲ မနေနိုင်သူများက ပူဇော်နေကြခြင်းသာ ဖြစ်သည်။ အသိဆန်းကြယ်လျှင် ကိုယ့်ဂုဏ်ကိုယ်ပြု၍ ပူဇော်ထိုက်, လေးစားထိုက်သည့်အနှစ်များ ကြွယ်လာရပါသည်။

အပ္ပမာဒေန သမ္ပာဒေထ ဟူသည် ကုသိုလ်လုပ်သားအဖြစ်ဖြင့် ကုသိုလ်တာဝန်ကို ခန့်အပ်တာဝန်ပေးခြင်းဖြစ်သည်။ ကုသိုလ်လုပ်သားမလုပ်နိုင်လျှင် ဇရာလုပ်သား- ဗျာဓိလုပ်သား- ဒုက္ခလုပ်သား- ကိလေသာလုပ်သားသာ ဖြစ်သွားလိမ့်မည်။ အပ္ပမာဒ သတိဉာဏ်ရှိနေလျှင် အိုနာဒုက္ခ ကိလေသာရှိနေသော်လည်း

http://www.dhammadownload.com



တရားအားပြိုင်ဘက် ရှိနေသောကြောင့် ကုသိုလ်လုပ်သား၊ ဓမ္မလုပ်သားဟုသာ ခေါ်ရသည်။ အမြဲအားရှိစေမည့် လူ့အရေအတွက်သည် ကုသိုလ်တစ်မျိုးတည်းသာ ဖြစ်သည်။

နေ့စဉ် မကောင်းနိုင်၍ လုပ်နေရသည့် လူ့အလုပ်အားလုံးကို သတိဉာဏ်ဖြင့် ကုသိုလ်ပုံဖော်၍ လုပ်နေရမည်။ အသိဆန်းကြယ်သလောက် ကုသိုလ်အနှစ် ကြွယ်လာရပါသည်။

သာသနာ ရတနာနှင့် မတွေ့ရသူသည် အရှိအောက်၌ ပြားပြားဝပ်နေရ၍ သာသနာရတနာနှင့်တွေ့ရသူကား အရှိအပေါ် အသိဖြင့် အနိုင်ယူ အောင်ပွဲဆင်နိုင်သည်။ သာသနာနှင့်

http://www.dhammadownload.com



မတွေ့ရသူ စုသမျှလောင်စာ အမှိုက်ချည်းသာ ဖြစ်သွားသော်လည်း သာသနာနှင့်တွေ့ရသူ စုသမျှကုသိုလ် ရတနာချည်းသာ ဖြစ်လာနိုင်သည်။ မိမိ၌ရှိနေသော အို, နာ, သေမီးလောင်စာ ဒုက္ခသစ္စာတုံးသည် သတိဉာဏ်ရှိလျှင် ကောင်းမှုရတနာတိုးအောင် ကျေးဇူးပြုပေးလိမ့်မည်။ လူများသည် မီးကိုလောင်ဖို့သုံးခြင်းမဟုတ်ဘဲ ကျက်ဖို့သာသုံးနေခြင်း ဖြစ်သည်။ သတိဉာဏ်ရှိသူများသည် ဒုက္ခသစ္စာမီးလောင်စာနှင့် ကိလေသာမီးကို လောင်ဖို့သုံးခြင်းမဟုတ်ဘဲ စိတ်ဓာတ်ပါရမီဓာတ် ရင့်ကျက်ဖို့သာ ဉာဏ်ဖြင့်သုံးနေကြသည်။ ဒုက္ခ

http://www.dhammadownload.com



အပူကို အကြောင်းပြု၍ အသိဆန်းကြယ် သလောက် တရားအနှစ်ကြွယ်ရပါသည်။ မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီးသည် ဤသို့ အသိဆန်းကြယ်တော်မူလှသည်ဖြစ်၍ ဤသို့ အံ့ဖွယ်ကောင်းလောက်အောင် အနှစ်ကြွယ်တော်မူခြင်း ဖြစ်ပေသည်။

သက်တော်ရာပြည့် တိပိဋကရှေ့ဆောင် တိပိဋကဖခင်ကြီး၏ ကြီးမားများပြားလှသော အသိဆန်းကြယ်၍ အနှစ်ကြွယ်သည့် ဂုဏ်ကျေးဇူးတော်အနန္တကို အာရုံပြု၍ "အသိဆန်းကြယ် အနှစ်ကြွယ်" ဟူသောတရားဖြင့် လေးမြတ်ကော်ရော် ပူဇော်အပ်ပါသတည်း။

http://www.dhammadownload.com



အားလုံး ဉာဏ်အမြင်ကျယ်၍ ကံအပင်ကြွယ်ကြပါစေ။

တိပိဋကယောဘဆရာတော်
မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ်
နန္ဒဝန်လမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။
(၁၃၇၂ - ခုနှစ်၊ တပေါင်းလ၊ ၂၀၁၁ - ခုနှစ်၊ မတ်လ)

✿✿✿

http://www.dhammadownload.com

## တိပိဋကယောဆရာတော်၏
## ထုတ်ဝေပြီးသည့်
## ဓမ္မလက်ဆောင်စာအုပ်များ

၁။ စိတ်ထိန်းကိရိယာ

၂။ ဘဝလမ်းညွှန်

၃။ သာခု ၄-ပါး မြတ်တရား

၄။ အပေါင်း လက္ခဏာ

၅။ အနှစ်ထုတ်ယူ စွမ်းတဲ့လူ

၆။ ကံကိုထိန်းချုပ် စိတ်ခလုတ်

၇။ စိတ်ဓာတ်ကိုမြှင့် လုပ်ပိုင်ခွင့်

http://www.dhammadownload.com



၈။ ကိုယ့်လမ်းကိုယ်လျှောက်
ကောင်းရာရောက်
၉။ အချိန်တန်ဖိုး လူ့တန်ခိုး
၁၀။ ဘဝတစ်ကွေ့ ခဏတွေ့
၁၁။ ကိုယ်ပိုင်အလုပ် ခပ်သုတ်သုတ်
၁၂။ တရားအသိ လူမျက်စိ
၁၃။ မေတ္တာပန်းခိုင် ၃-ပွင့်ဆိုင်
၁၄။ နှလုံးသားဝယ် ဘုရားတည်
၁၅။ အေးမြရွှင်ပြုံး လူ့နှလုံး
၁၆။ လူ၏စွမ်းအား မြတ်တရား

http://www.dhammadownload.com



၁၇။ ကိုယ့်ကိုကိုယ်ချစ် လူအစစ်
၁၈။ အသိမှန်ကန် ကိုယ့်ဖို့ကျန်
၁၉။ တရားကျေးဇူး စွမ်းရည်ထူး
၂၀။ သူ့ကိုစောင့်ရှောက် ကိုယ့်ဂုဏ်မြောက်
၂၁။ ကျန်းမာရွှင်လန်း မေတ္တာစွမ်း
၂၂။ မေတ္တာလက်တွဲ ရာပြည့်ပွဲ
၂၃။ ကိုယ်ပိုင်အလုပ် ဥစ္စာထုပ်
၂၄။ ဘဝဝေစု မြတ်ကောင်းမှု
၂၅။ တရားဆောင်သူ စိတ်မပူ
၂၆။ အား
၂၇။ ယော

http://www.dhammadownload.com



၂၈။ မွေးနေ့မင်္ဂလာ ရတနာ
၂၉။ ၄၅-နှစ် တရားသက်
၃၀။ နှစ်လေးဆယ့်ငါး တရားအချုပ်
၃၁။ လူ့အလှဆုံး စိန်တစ်လုံး
၃၂။ မေတ္တာနှလုံး အလှဆုံး
၃၃။ မေတ္တာလွှမ်းခြုံ ဘေးရန်လုံ
၃၄။ အလှူကျေးဇူး စွမ်းရည်ထူး
၃၅။ နှုတ် + ဆက် = မင်္ဂလာ
၃၆။ မေတ္တာတရား လူ့စွမ်းအား
၃၇။ အကုန်အရ လူ့ဘဝ
၃၈။ မီးသတိပြု

http://www.dhammadownload.com




၃၉။ မေတ္တာကျေးဇူး စွမ်းရည်ထူး

၄၀။ ၄၅-ဝါ သာသနာ

၄၁။ လူအား

၄၂။ လူ၏စွမ်းအား ပတ္တမြား

၄၃။ စိတ်ကောင်းထားက မိတ်ကောင်းရ

၄၄။ အချစ်ဆုံး ဆွေမျိုး

၄၅။ ညှော်သည်

၄၆။ ၄၅ နှစ် ရဟန်းသက်

၄၇။ စိတ်အေးစရာ သာသနာ

၄၈။ တစ်ခါလာလဲ ဒါပါပဲ

၄၉။ လူ့ဘဝထဲ စာမေးပွဲ

http://www.dhammadownload.com



၅၀။ ခန္ဓာကိုယ်ထဲ ဘောလုံးပွဲ
၅၁။ဘဝတစ်ခေါက် ခြောက်ဆယ့်ခြောက်
၅၂။ယနေ့အလုပ် ယနေ့လုပ်
၅၃။အဘိဓမ္မာ သိစရာ
၅၄။ဝိသုဒ္ဓါရုံ ခွင့်ခါကြုံကြိုက် စာသင်တိုက်
၅၅။ဓာတ်
၅၆။ဘဝကိုဆောင် အလင်းရောင်
၅၇။လူသားမေတ္တာ ဤကမ္ဘာ
၅၈။ဆရာ့ကျေးဇူး စွမ်းရည်ထူး
၅၉။သတိကိုင်စွဲ နှုတ်ဆက်ပွဲ
၆၀။ဦးကောသလ္လတစ်ဘဝ ပေါ်ရတောင်ဖီလာ

http://www.dhammadownload.com



၆၁။သတိမေတ္တာ သူငါစုပေါင်း အကုန်ကောင်း
၆၂။ယခုအလုပ်ယခုလုပ်
၆၃။ဒီအတိုင်းပါပဲ
၆၄။သုံးပါးမြတ်စွာရတနာ
၆၅။ ချစ်ခင်ညီညာ ပေါင်းတာမှန်မှ
ငြိမ်းချမ်းရ
၆၆။ ဒီတစ်ခါလဲ ဒီတိုင်းပဲ
၆၇။ ပေါင်းတာမှန်မှ ကောင်းတာရ
၆၈။ ခဏငှားထား ၄ - ဘီးကား
၆၉။ ကိုယ့်ဟာနဲ့သာ ကိုယ်နေပါ
၇၀။ ကိုယ့်ဟာကိုသာ ရွေးယူပါ

http://www.dhammadownload.com



၇၁။ နေကောင်းရဲ့လား

၇၂။ အသိဆန်းကြယ် အနှစ်ကြွယ်

၇၃။ မေတ္တာအစွမ်း စိတ်အေးချမ်း

၇၄။ အများမကြိုက် လူမိုက်တစ်ယောက်
ပန်းတိုင်ရောက်

၇၅။ မိခင်စိတ်ထား မေတ္တာအား

၇၆။ သူဦးကိုယ်ဦး ဒုမ္မာပူး

၇၇။ ကိုယ့်ဟာကိုယ်ယူ စွမ်းတဲ့လူ

၇၈။ ပစ္စည်းတန်ဖိုး လူတန်ခိုး

◆◆◆

http://www.dhammadownload.com



# စမ္မဒါန အလှူ့ရှင်များ

□□□

၁။ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် + ဒေါ်ခင်ခင်ဝင်း မိသားစု၊ နေပြည်တော်။
၂။ သာသနာရေးဝန်ကြီး သူရဦးမြင့်မောင် မိသားစု၊ နေပြည်တော်။
၃။ ဦးတင်ဦး + ဒေါ်လှမြင့် မိသားစု (ရွှေစင်ရတနာရွှေဆိုင်)၊ မကြီးကြီးလမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့။
၄။ ဦးရှိန်ဝင်း + ဒေါ်ခင်ချိုဦး၊ သားကောင်းထိုက်ထွန်း (တက်လမ်း)၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။

http://www.dhammadownload.com



၅။ ဦးသန်းထွန်း + ဒေါ်ယဉ်ရှိန်၊
သား - ဒေါက်တာ ဘကောင်း၊
သမီး ဒေါက်တာ လဲ့ယဉ်မွန်၊
သီရိမင်္ဂလာလမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့။
၆။ ဦးအောင်သိန်း+ဒေါ်လုံးတင် မိသားစု၊
ရှမ်းစုရပ်၊ မိုးကုတ်မြို့။
၇။ ဦးတူးမောင် + ဒေါ်ထားထားအေး
မိသားစု၊ တက္ကသိုလ်ရိပ်သာလမ်း၊
ရန်ကုန်မြို့။
၈။ ဦးထွန်းထွန်း + ဒေါ်မြမြသိန်း မိသားစု
အမရပူရမြို့။
၉။ ဦးသန်းဆက်ဝင်း + ဒေါ်စိန်အေး၊
သား - မောင်သန်းထိုက်ဝင်း၊
ရွှေတောင်ကြားရိပ်သာ၊ဗဟန်း၊ ရန်ကုန်မြို့။

http://www.dhammadownload.com



၁၀။ဒေါက်တာ ကျော်ခိုင် + ဒေါ်စိန်ထွေး
မိသားစု၊ ပြည်လမ်း၊ ရန်ကုန်မြို့။
၁၁။ဦးသန်း + ဒေါ်မိုးသူ မိသားစု
ပဒေသာပင်မြို့တော်၊ လှိုင်သာယာ၊
ရန်ကုန်မြို့။
၁၂။ဒေါ်တင်တင် မိသားစု၊ စုပေါင်းလမ်း၊
အင်းယားမြိုင်၊ ဗဟန်း၊ ရန်ကုန်မြို့။
၁၃။ဦးတင်ဆန်း + ဒေါ်ဥမ္မာလွင်
သမီး - ဒေါက်တာ ယုဝါတင်၊
သား - ပြည့်ဖြိုးတင်
ကျွန်းတောလမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့။
၁၄။ဦးဝင်းဆွေ + ဒေါ်တင်တင်ခိုင်
(မန်းရွှေလီ) မိသားစု
၃၆-လမ်း၊ ကွမ်းခြံ၊ မန္တလေးမြို့။

http://www.dhammadownload.com



၁၅။ ဗိုလ်မှူးမောင်ငွေ + ဒေါ်ခင်မမ မိသားစု
ခရေမြိုင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

၁၆။ ဦးထွန်းလွင် + ဒေါ်ခင်လတ်ဦး၊
သား-ကိုအာကာလွင်၊ သမီး-ဆရာမ မပေမာလွင်
မစုနန္ဒာလွင်၊ ဈေးလမ်း၊ မြေနီကုန်း၊
စမ်းချောင်း၊ ရန်ကုန်မြို့။

၁၇။ ဒေါက်တာ နိုင်ထွဋ်အောင် + ဒေါက်တာ
ဝေဝေရင်၊ သား - ရန်ငြိမ်းအောင်၊
မိုးမြတ်အောင်၊ ရွှေတောင်ကြား (၁)၊
ဗဟန်း၊ ရန်ကုန်မြို့။

၁၈။ ဦးကြင်စိန် ၊ သမီး မနွယ်နီစိန်၊ မဥမ္မာစိန်၊
ဝက်ဘာရိပ်သာ၊ ဗဟန်း၊ ရန်ကုန်မြို့။

http://www.dhammadownload.com



၁၉။ ဦးထင်ကျော် + ဒေါ်စူစီစိန်၊
ဝက်ဘာရိပ်သာ၊ ဗဟန်း၊ ရန်ကုန်မြို့။

၂၀။ ဒေါက်တာ ဦးခင်မောင်အေး +
ဒေါ်အေးအေးမော် မိသားစု၊
ဇီဝိတဒါနဆေးရုံဝင်း၊ ဗဟန်း၊ ရန်ကုန်မြို့။

၂၁။ ဒေါ်သန်းဦး မိသားစု၊ ရွှေတောင်ကုန်း၊
ဗဟန်း၊ ရန်ကုန်မြို့။

၂၂။ ဦးခင်လှိုင် + ဒေါ်ခင်ဆွေဝင်း
(ဇောတိက) မိသားစု၊
၃-လမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။

၂၃။ ဦးမျိုးမြင့် + ဒေါ်မြင့်မြင့်သိန်း၊
စိန်မျှားဆေးပေါ့လိပ်၊ ပဲခူးမြို့။

http://www.dhammadownload.com



၂၄။ ဦးအောင်မြင့် + ဒေါ်သုခ၊
သား-ကိုသိန်းမြင့်၊
အောင်သုခမြန်မာထမင်းဆိုင်၊
အနောက်ရွှေဂုံတိုင်၊ ဗဟန်း၊ ရန်ကုန်မြို့။

၂၅။ ဒေါက်တာပီတာ + မအာယူ၊
မလေးရှားနိုင်ငံ။

၂၆။ ဦးဌေးဝင်းအောင် + ဒေါ်နုနုအေး၊
သမီး - ချောချောခင်၊ ၃၈-လမ်း၊
ကျောက်တံတား၊ ရန်ကုန်မြို့။

၂၇။ ဦးနေထွန်း+ဒေါ်စမ်းစမ်းလင်း မိသားစု
အနောက်ရွှေဂုံတိုင်၊ ဗဟန်း၊ ရန်ကုန်မြို့။

http://www.dhammadownload.com



၂၈။ ဦးသန်းငွေ + ဒေါက်တာ ဝင်းဝင်းကျော်
နှင့် သားများ၊ မဥ္ဇူလမ်းသွယ် (၂)၊ ပါရမီ၊
ရန်ကင်း၊ ရန်ကုန်မြို့။

၂၉။ ဦးတင်မောင် မိသားစု၊ ၁၀၁-လမ်း၊
ကန်တော်ကလေး၊ ရန်ကုန်မြို့။

၃၀။ ဒေါ်တင်ကြည် မိသားစု၊
ယောမင်းကြီးလမ်း၊ ဒဂုံ၊ ရန်ကုန်မြို့။

၃၁။ ဦးအောင်ကြည် + ဒေါ်ခင်လှခိုင် မိသားစု
ကုန်းမြင့်သာ၊ ၇-မိုင်၊ မရမ်းကုန်း၊
ရန်ကုန်မြို့။

၃၂။ ဒေါ်ကောက်ဆိုင်ကျင်း မိသားစု၊
၄-လမ်း၊ လမ်းမတော်၊ ရန်ကုန်မြို့။

http://www.dhammadownload.com



၃၃။ ဒေါ်ခင်စောလှ၊ သား-ဦးမောင်မောင်အေး
ဝါးတန်းလမ်း၊ လမ်းမတော်၊ ရန်ကုန်မြို့။

၃၄။ ကိုထွန်းဝင်း (ဖားကန့်)
ဘူးတောင်းရွာ၊ ထီးလင်းမြို့။

၃၅။ ဦးကျော်ခင် + ဒေါက်တာ ဒေါ်မြမြ
မိသားစု၊ စကားဝါလမ်း၊ ဒဂုံ၊ ရန်ကုန်မြို့။

၃၆။ ဦးဝင်းဗိုလ် + ဒေါ်ခင်ခင်ဦး မိသားစု
ဘားအံမြို့။

၃၇။ ဗိုလ်ချုပ်တင်ငွေ + ဒေါ်လှလှသိန်း
မိသားစု၊ သစ်ရာပင်လမ်း၊ သုဝဏ္ဏ၊
ရန်ကုန်မြို့။

http://www.dhammadownload.com



၃၈။ ဒေါ်နွယ်နွယ်အေး မိသားစု
ရွှေသံလွင်အိမ်ရာ၊ စမ်းချောင်း၊
ရန်ကုန်မြို့။

၃၉။ ဦးမျိုးမြင့် + ဒေါ်တင်တင်မြင့် မိသားစု
နီကောရိုပ်သာလမ်း၊ ပါရမီလမ်းကျယ်၊
မရမ်းကုန်း၊ ရန်ကုန်မြို့။

၄၀။ ဦးမျိုးဝင်း + ဒေါ်မြင့်မြင့်ကြူ မိသားစု၊
မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်လေး၊
ရန်ကုန်မြို့။

၄၁။ ဦးစိုးနိုင် + ဒေါ်ခင်မြိုင် (သီဟစိုး)
မိသားစု၊ ဘုရင့်နောင်လမ်း၊ ကလေးမြို့။

http://www.dhammadownload.com



၄၂။ ဒေါ်ချစ်တင် သမီး - မစန္ဒာဝင်း၊

မဆွေဆွေဝင်း၊ (ခန့်) မိသားစု၊

ဗိုလ်ချုပ်လမ်း၊ ကလေးမြို့။

၄၃။ သဟာယပုညကာရီအဖွဲ့၊ ကလေးမြို့။

၄၄။ ပါရမီရှင်များအဖွဲ့၊ ကလေးမြို့။

၄၅။ ဒေါ်ခင်မာရီ၊ သမီး - မထွေးသီတာ၊

မင်းကျောင်းလမ်း၊ ဒဂုံ၊ ရန်ကုန်မြို့။

❖ ❖ ❖

http://www.dhammadownload.com

http://www.dhammadownload.com